# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 3 , 2023 Volume 72, Number 3

၃.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၅၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၀၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဝဥပေါ်ချိန်တွင် တရုတ်နိုင်ငံသို့ ရေလမ်းကြောင်းကပါ တင်ပို့နေရ




မြန်မာနိုင်ငံအတွင်းကထွက်ရှိတဲ့ ဝဥများကို တရုတ်နိုင်ငံအတွင်းသို့ တင်ပို့ရာတွင် နယ်စပ်လမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းကပါ တင်ပို့လျက်ရှိကြောင်း ဝဥစက်ရုံလုပ်ငန်းရှင်များထံမှ သိရပါတယ်။ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းမှစကာ ပြည်တွင်း၌ ဝဥများ စတင်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် ဝဥစက်ရုံများပြန်လည်လည်ပတ်လျက်ရှိတယ်လို့ သိရပါတယ်။

ဝဥအစိုများကို စက်ဖြင့်ရေဆေး၊ အခွံခွာပါးပါးလှီး၍ အခြောက်ခံကာ ထုတ်လုပ်ခြင်းဖြစ်ပြီး ဝဥအစို ၆ ပိဿာကျော်ကို ဝဥအခြောက် တစ်ပိဿာရရှိကာ ဝဥအခြောက်ပြားများကိုတော့ ထုတ်ပိုးပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပါတယ်။

ဝဥအခြောက်များကို ယခင်က တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နေခြင်းဖြစ်ပြီး ယခုအခါမှာတော့ နယ်စပ်လမ်းကြောင်းအပြင် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းဆိပ်ကမ်းသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ပြည်တွင်း၌ စက်တင်ဘာလအတွင်း ဝဥစပေါ်

ချိန်တွင် ဝဥအစို တစ်ပိဿာကို စက်ရုံအရောက်ဈေးမှာ ကျပ် ၁၀၀၀ ကျော်ရှိတယ်လို့ ဝဥစိုက်ပျိုးသူများထံမှ သိရပါတယ်။

မြန်မာနိုင်ငံထဲက ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် ဝဥသီးနှံများ ထွက်ရှိပြီး ဝဥသီးနှံစိုက်ဧကပေါင်း ၁၃,၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

**Source:** https://t.me/htwettoe

## လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် (၂၅-၁၀-၂၀၂၃) မှ (၂၉-၁၀-၂၀၂၃) ရက်နေ့အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် (၅၁၂) တန်၊ တန်ဖိုး (၀.၂၃၅) ဒေါ်လာသန်း၊ ပြောင်း (၅၀.၀၀) တန်၊ တန်ဖိုး (၀.၀၁၃) ဒေါ်လာသန်း၊ ရော်ဘာ (၃၁.၀၀) တန်၊ တန်ဖိုး (၀.၀၃၇) ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပါတယ်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် (၄၆၉) ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် (၄၀၈)ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် (၃၁၀) ဒေါ်လာနှင့် ကြိမ်တစ်တန်လျှင် (၆၀၀) ဒေါ်လာ၊ ပဲတီစိမ်းတစ်တန်လျှင် (၆၆၀)ဒေါ်လာ၊ မြေထောက်ပဲတစ်တန်လျှင် (၁၄၈၄)ဒေါ်လာ၊ ရော်ဘာတစ်တန်လျှင် (၁၃၀၀) ဒေါ်လာရှိ၍ သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် (၁၅၀)ကျပ် ရှိကြောင်းသိရှိရပါတယ်။

ယခုအပတ်အတွင်းပိတ်လိပ် (၁၀၇.၉၀) တန်၊ တန်ဖိုး (၀.၀၆၄) ဒေါ်လာသန်း၊ ကော်စေ့ (၃၇.၄၀) တန်၊ တန်ဖိုး (၀.၀၃၅) ဒေါ်လာသန်း၊ ထွန်စက် (၉) U ၊ တန်ဖိုး (၀.၀၆၆) ဒေါ်လာသန်း၊ ပီနံအိတ် (၃၇.၃၀) တန်၊ တန်ဖိုး (၀.၀၂၉) ဒေါ်လာသန်း၊ ချည် (၂၆.၅၀) တန်၊ တန်ဖိုး (၀.၀၁၇) ဒေါ်လာသန်း၊ ကျောက်ခွဲစက် (၁) U၊ တန်ဖိုး (၀.၀၁၁) ဒေါ်လာသန်း၊ မြက်ခင်းတု (၁၅.၁၀) တန်၊ တန်ဖိုး (၀.၀၁၀) ဒေါ်လာသန်း၊ သားရေတု (၁၄.၅၀) တန်၊ တန်ဖိုး (၀.၀၀၉) ဒေါ်လာသန်း၊ သံပိုက် (၃.၅၀) တန်၊ တန်ဖိုး (၀.၀၀၂) ဒေါ်လာသန်း၊ ဖော့ (၃.၀၀) တန်၊ တန်ဖိုး (၀.၀၀၂) ဒေါ်လာသန်း၊ကုန်စုံ (၂၇၇.၄၀) တန်၊ (၂၃၉၂၉) U၊တန်ဖိုး (၀.၂၃၃) ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့ပါတယ်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် နှစ်ဘီးထွန်စက်တစ်စီးလျှင် (၆၀၀)ဒေါ်လာ၊ စက္ကူလိပ် တစ်တန်လျှင် (၃၅၀) ဒေါ်လာ၊ ပီနံအိတ် တစ်တန်လျှင် (၈၀၀) ဒေါ်လာ၊ ပိတ်လိပ်တစ်တန်လျှင် (၅၇၀) ဒေါ်လာ၊ ချည်ခင်တစ်တန်လျှင် (၆၆၇) ဒေါ်လာရှိ၍ လွယ်ဂျယ်မှဗန်းမော်သို့ သယ်ယူပို့ဆောင်ခမှာ(၁၂)ဘီး ယာဉ်(၁)စီးလျှင် ကုန်ကျစ်(၁၂၀၀၀၀၀)ကျပ်၊ ကုန်ပွ (၈၀၀၀၀၀)ကျပ်နှင့် ကုန်စုံတစ်စီးလျှင် (၁၀၀၀၀၀၀) ကျပ် ဝန်းကျင်ရှိကြောင်း သိရှိရပါတယ်။

ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် ရွှေဘို၊ စစ်ကိုင်းနှင့် မန္တလေးဒေသထွက် ပို့ကုန်ပစ္စည်းများအား မန္တလေး-လက်ပံလှ - ဗန်းမော်-မိုးမောက် (ကျောက်စခန်း)-စိန်လုံ-လွယ်ဂျယ်လမ်းကြောင်း၊ ဗန်းမော်ဒေသထွက် ပို့ကုန်ပစ္စည်းများအား ဗန်းမော်-မိုးမောက် (ကျောက်စခန်း)- စိန်လုံ-လွယ်ဂျယ်လမ်းကြောင်းအတိုင်း တင်ပို့လျက်ရှိပြီး သွင်းကုန်ပစ္စည်းများအား လွယ်ဂျယ်-စိန်လုံ-မိုးမောက် (ကျောက်စခန်း)-ဗန်းမော်လမ်းကြောင်းအတိုင်း ကုန်သွယ်မှုပြုလုပ်လျက်ရှိပါတယ်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/% E1 %80%

## ဝယ်ယူမည့်နိုင်ငံ၏ စံသတ်မှတ်ချက်မပြည့်မီပါက ကုန်ပစ္စည်းများ ဆိပ်ကမ်းမှပြန်ပို့ခံရမှုများ ကြုံတွေ့နိုင်သဖြင့် တင်ပို့မည့်ကုန်များကို ဓာတ်ခွဲခန်းသို့ပေးပို့ရန် လုပ်ငန်းရှင်များအား တိုက်တွန်း

ဝယ်ယူမည့်နိုင်ငံ၏ စံသတ်မှတ်ချက်မပြည့်မီပါက ကုန်ပစ္စည်းများ ဆိပ်ကမ်းမှပြန်ပို့ခံရမှုများ ကြုံတွေ့နိုင်သဖြင့် တင်ပို့မည့်ကုန်များကို ဓာတ်ခွဲခန်းသို့ပေးပို့ရန် လုပ်ငန်းရှင်များအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တိုက်တွန်းပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ယင်းတို့၏ Food Safety Law အရ လယ်ယာထွက်ကုန်များတင်ပို့သည့်အခါ Food Safety ကို ပထမဆုံးတောင်းဆိုသောနိုင်ငံဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ အသိအမှတ်ပြုဓာတ်ခွဲခန်းက အသိအမှတ်ပြုလက်မှတ်ရရန် တောင်းဆိုထားခြင်းဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့မည့် လယ်ယာထွက်ကုန်များတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်၊ အကြံပြုချက်များအတွက် တွေ့ဆုံညှိနှိုင်းပွဲကို အသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယခင်က လယ်ယာထွက်ကုန်များစစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းတပ်ဆင်ပစ္စည်း၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် အဆင်သင့်မဖြစ်သေးသည့်အတွက် ပြည့်စုံစွာ ဆောင်ရွက်နိုင်မှုမရှိသေးခဲ့သော်လည်း ယခုအခါတွင် ဓာတ်ခွဲစစ်ဆေးမှု အဆင်သင့်ဖြစ်နေပြီဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့သည့်အခါ ပိုးသတ်ဆေး၊ ဓာတ်ကြွင်းနှင့် မှိုအဆိပ်သင့် ရောဂါအန္တရာယ်ကင်းရှင်းစေရန် မြန်မာနိုင်ငံဖက်က အစဉ်တစိုက်ကြိုးပမ်းခဲ့ရာ ယခု ISO 17025 ထောက်ခံချက် ရရှိခဲ့ပြီဖြစ်သည်။ လယ်ယာထွက်ကုန်ပို့ကုန်လုပ်ငန်းများအနေဖြင့် ကောင်းမွန်သောဈေးကွက်သို့ ဂုဏ်သိက္ခာရှိစွာ တင်ပို့ ရောင်းချနိုင်ပြီဖြစ်သည်။

ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က "အင်ဒိုနီးရှားနိုင်ငံနှင့်မြန်မာနိုင်ငံအကြား Sanitary and Phytosanitary မှာ ချောမွေ့သော ကူးသန်းရောင်းဝယ်မှုများဖြစ်ခဲ့သလို ခက်ခဲသောကာလများလည်း ကြုံတွေ့ခဲ့ရတာ ရှိပါတယ်။ နိုင်ငံတော်မှ ပြည်ပသို့တင်ပို့မဲ့ လယ်ယာထွက်ကုန်များကို နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိအောင် ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် တောင်သူလယ်သမားများအတွက်လည်း အဆင်ပြေသလို ပို့ကုန်လုပ်ငန်းရှင်များအတွက် လည်း အကျိုးကျေးဇူးများခံစားနိုင်ရပါတယ်၊ အင်ဒိုနီးရှားနိုင်ငံဟာ အရှေ့တောင်အာရှမှာ လူဦးရေများတဲ့အတွက် လယ်ယာ ထွက်ကုန်များ ပိုမိုလိုအပ်သလို၊ မိမိတို့နိုင်ငံအတွက် ဈေးကွက်ချဲ့ထွင်ရန်လည်းလိုအပ်ပါတယ်၊ ကြီးမားသော ဈေးကွက်မှာ အရည်အသွေးကောင်းမွန်စွာ ပေးပို့နိုင်ဖို့အတွက် အရေးကြီးပါတယ်၊ ယခုလိုဆွေးနွေးပွဲမှာ ဓာတ်ခွဲစစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်များကို အကြံပြုဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း က "နိုင်ငံတကာကုန်သွယ်မှုဆောင်ရွက်တဲ့အခါ ဝယ်ယူမဲ့နိုင်ငံရဲ့လိုအပ်ချက်၊ အကန့်အသတ်၊ စံသတ်မှတ်ချက်တွေကိုသိဖို့ လိုအပ်ပါတယ်၊ လိုအပ်ချက်ကို ပြည့်မီအောင်မပို့နိုင်ပါက ကုန်ပစ္စည်းများ ဆိပ်ကမ်းကနေ ပြန်ပို့ခံရမှုများ ကြုံတွေ့နိုင် ရပါတယ်၊ ယနေ့ဆွေးနွေးပွဲက လယ်ယာထွက်ကုန်များတွင် ဓာတုဓာတ်ကြွင်းတွေ၊ ပါဝင်နိုင်တဲ့ မှိုအဆိပ်သင့်မှု၊ အဆိပ်သင့် ပစ္စည်းများကို စစ်ဆေးရတာဖြစ်ပါတယ်၊ အင်ဒိုနီးရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများကို တင်ပို့မဲ့ပစ္စည်းအားလုံးကို နမူနာ ယူပြီး စစ်ဆေးနိုင်တဲ့အခြေအနေမျိုးမရှိပါဘူး၊ နိုင်ငံတကာမှာလည်း ဒီလိုပဲဖြစ်ပါတယ်၊ လုပ်ငန်းရှင်များအနေနဲ့ မိမိတို့တင်ပို့မဲ့ ပို့ကုန်မှာ ကိုယ်စားပြုမဲ့သီးနှံ Sample ပစ္စည်းကိုသာ ဓာတ်ခွဲခန်းကို ပေးပို့စေလိုပါတယ်၊ ပို့ကုန်ကိုယ်စားပြုမဲ့သီးနှံ Sampleကို ယူတတ်ဖို့လိုပါတယ်၊ တောင်သူများကလည်း ပိုးသတ်ဆေး၊ ဓာတ်ကြွင်းမပါအောင် လိုက်နာနိုင်အောင် ဆောင်ရွက်သင့် ပါတယ်၊ လုပ်ငန်းရှင်များက တောင်သူများကို အသိပညာပေး၊ နည်းပညာပေး၊ လုပ်ငန်းများတွင်လည်း တိုက်တွန်း ဆောင်ရွက် ပေးစေလိုပါတယ်"ဟု ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း (Argicultural Products Analytica Lab APAL)သည် ISO17025 ကို ရရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံဘက်မှ အတည်ပြုလက်ခံသော ဓာတ်ခွဲခန်းဖြစ်သည်။ အင်ဒိုနီးရှား အတွက်သာမက အခြားနိုင်ငံများနှင့် ပြည်တွင်း Food Safety အတွက် စစ်ဆေးမှုများကိုပါ ဆောင်ရွက်နိုင်သည့် နိုင်ငံတကာ အဆင့်မီဓာတ်ခွဲစမ်းသပ်မှုလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

https://news-eleven.com/article/283430

## စားအုန်းဆီ ပြည်တွင်းဈေးကွက် တာဝန်ကျေ မူဝါဒကို ၂၀၂၄ ခုနှစ်အထိ အင်ဒိုနီးရှား ဆက်လက်ကျင့်သုံးမည်

အင်ဒိုနီးရှားသည် စားအုန်းဆီအတွက် လက်ရှိကျင့်သုံးနေသော ပြည်တွင်းဈေးကွက် တာဝန်ကျေ domestic market obligation (DMO) ကို ၂၀၂၄ ခုနှစ်အထိ ဆက်လက်ထားရှိမည်ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် ဟင်းချက်ဆီများ၏ ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက်ဖြစ်သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Isy Karim က ကြာသပတေးနေ့ (နိုဝင်ဘာ ၂) တွင် ပြောကြားခဲ့သည်။

စားအုန်းဆီ ကမ္ဘာ့အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းဈေးကွက်တွင် ဟင်းချက်ဆီ ဈေးနှုန်းများ မြင့်တက်လာမှုကို ထိန်းချုပ်ရန်အတွက် ယမန်နှစ်က DMO မူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။

အဆိုပါ မူဝါဒအရ စားအုန်းဆီ ထုတ်လုပ်သူများသည် စားအုန်းဆီကို ပြည်တွင်းဈေးကွက်တွင် အစိုးရက သတ်မှတ်ပြဋ္ဌာန်းထားသည့်ပမာဏကို အစိုးရသတ်မှတ်သည့်ဈေးနှုန်းဖြင့် အပြည့်အဝရောင်းချပြီးမှသာ ပြည်တွင်းဈေးကွက်တာဝန်ကျေသည်ဟု သတ်မှတ်ပေးပြီး ပြည်ပသို့တင်ပို့ရန်ခွင့်ပြုသည်။

ပြည်တွင်း ရောင်းချသည့် ပမာဏ၏ ၄ ဆကို ပြည်ပတင်ပို့ရန် ပို့ကုန်ပါမစ် ထုတ်ပေးသည်။ ပြည်တွင်းဈေးကွက်တွင် ဈေးသက်သာသော ဟင်းချက်ဆီများ ရှားပါးနေသေးပြီး အင်ဒိုနီးရှားအရှေ့ပိုင်းဒေသများတွင် ဈေးနှုန်းများ မြင့်မားကာ အစိုးရသတ်မှတ်ထားသော ဈေးနှုန်းတစ်လီတာလျှင် ရူပီယာ ၁၄၀၀၀ (ကန်ဒေါ်လာ ၀.၈၈၃၅) အထက်သို့ မကြာခဏရောက်ရှိနေကြောင်း ၎င်းကပြောသည်။

ကုမ္ပဏီအချို့သည် ပြည်တွင်းဈေးကွက်တွင် တာဝန်ကျေအောင် ရောင်းချပေးခြင်းမရှိကြောင်း Isy မှ ပြောကြားသည်။ ဈေးသက်သာသော ဟင်းချက်ဆီအဖြစ် ထောက်ပံ့ပေးရန်အတွက် တစ်လလျှင် စားအုန်းဆီကြမ်း မက်ထရစ်တန် ၃၀၀,၀၀၀ ကို DMO အစီအစဉ်မှရရှိရန် အစိုးရက ရည်မှန်းထားသည်။

**Source :can**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7170-palm-oil.html

## ဗီယက်နမ်ပို့ကုန်ဆန် ပြည်တွင်းဈေးနှုန်းများ စံချိန်တင်မြင့်တက်

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ An Giang တွင် နေထိုင်သူ Hoa အမည်ရှိ လယ်သမားတစ်ဦးက ကုန်သည်များသည် သူမ၏ Dai Thom ဆန်ကို ဈေးအမြင့်ပေးပြီး ဝယ်ယူရန်ကမ်းလှမ်းကြသည်ဟု ပြောကြားသည်။ "ကုန်သည်များက အဆက်မပြတ် ထပ်ခါတလဲလဲ ဆက်သွယ်နေတယ်" ဟု သူမကပြောသည်။

"ပြီးခဲ့တဲ့ရာသီက တစ်ကီလိုဂရမ်ကို ဒေါင် ၈,၀၀၀ ($0.33) နဲ့ ရောင်းခဲ့တယ်။ ဒါပေမယ့် အခုဈေးက ဒေါင် ၉,၀၀၀ အထိ တက်သွားတယ်" ဟု Hoa က ပြောသည်။ ၁၂.၅% မြင့်တက်သွားသည်။ Vinh Long မှလယ်သမားတစ်ဦးဖြစ်သူ Manh ကလည်း ကုန်သည်များ ဆက်သွယ်မေးမြန်းနေကြပြီး သူက မရောင်းသေးကြောင်းပြောသည်။ "ဒီနှစ် အထွက်မများဘူး။ ဒီတော့ ဈေးတွေတက်ဦးမှာပါ"ဟု သူကပြောသည်။

အလယ်ပိုင်းကုန်းမြင့်နှင့် မြောက်ပိုင်းဒေသများတွင်လည်း အလားတူအခြေအနေများကို တွေ့မြင်ရသည်။ Kon Tum အလယ်ပိုင်းကုန်းမြင့်ပြည်နယ်တွင် Dai Thom ဆန်စိုက်ပျိုးသူ Dang က အောက်တိုဘာလ ၂၆ ရက်တွင် ကုန်သည်များက တစ်ကီလိုဂရမ် ဒေါင် ၉,၀၀၀ ကမ်းလှမ်းခဲ့သည်ဟုဆိုသည်။ သူက ရောင်းဖို့ငြင်းဆန်ခဲ့သည်။ နောက်တနေ့တွင် ကုန်သည်များက ၁၁,၀၀၀ ပေးသည်။ ၂၂% မြင့်တက်ခြင်းဖြစ်သည်။ “ကျွန်တော် နှစ်တန်ရောင်းပြီး ကျန် ၂ တန်ကို သိမ်းထားပါတယ်။ ဈေးတွေ ထပ်တက်တော့မှရောင်းမယ်” ဟု Dang က ပြောကြားသည်။




မကြာသေးမီက ဆန်ဈေးများ နေ့စဉ်နှင့်အမျှ မြင့်တက်နေကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောသည်။ အထူးသဖြင့် မြောက်ပိုင်းနှင့်မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် ဖြစ်သည်။

ပြည်ပသို့ ဆန်တင်ပို့သည့် ဈေးနှုန်းများလည်းမြင့်တက်သည်။ ၅% ဆန်ကွဲပါ ဆန်တတန် $643 သို့ ရောက်ရှိခဲ့ပြီး ၁၅ နှစ်တာအတွင်း အမြင့်ဆုံးစံချိန်သစ် ဖြစ်သည်။

ဗီယက်နမ်၏ ဆန်တင်ပို့မှုဈေးနှုန်းသည် ၎င်း၏ အဓိကပြိုင်ဖက်နှစ်နိုင်ငံထက် ကျော်လွန်နေပြီဖြစ်သည်။ ထိုင်းဆန်ထက် ၁၃ ရာခိုင်နှုန်းနှင့် ပါကစ္စတန်ဆန်ထက် ၁၆ ရာခိုင်နှုန်း ပိုများနေသည်။

ဗီယက်နမ်ဆန် အရည်အသွေးမြင့်တင်မှုကြောင့် ကမ္ဘာ့ဆန်ဝယ်ယူသူများ သဘောကျသည့်အချက်ဖြစ်သည့်အတွက် ဗီယက်နမ်ဆန် ဈေးမြင့်သော်လည်း အဝယ်လိုက်သည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ဆန်ဝယ်လိုအားလည်း မြင့်တက်လာနေကြောင်း ဆန်တင်ပို့သူများက ပြောကြားသည်။ ဆန်ဈေးတက်ရသည့်

နောက်ထပ်အကြောင်းတချက်မှာ ဗီယက်နမ်နိုင်ငံ၏ ဆောင်းဦး-ဆောင်းရာသီ စပါးရာသီသည် အခြားရာသီများထက် အထွက်နှုန်းနည်းသောကြောင့် ဈေးကွက်ထဲ ဆန်ပေးသွင်းမှု လျော့နည်းသည်။

အလယ်ပိုင်းကုန်းမြင့်ဒေသမှ ကုန်သည် Nguyen Van Tuan က တောင်သူအများစုသည် စပါးအစား ပြောင်း သို့မဟုတ် အာလူး စိုက်ပျိုးထားကြသဖြင့် အထွက်နှုန်းမှာ ယခင်ရာသီထက် ၅၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းပြောသည်။ သို့ဖြစ်ရာ ဈေးကွက်ထဲ ဆန်ပေးသွင်းမှု လျော့နည်းနေသည်။

ထိုသို့ ဈေးကွက်ထဲပေးသွင်းသည့် ဆန်ပမာဏလျော့ကျသဖြင့် ကုန်သည်များ ဆန်ရဖို့ခက်ခဲနေသည်။ ဆန်တင်ပို့ရောင်းချရေးကုမ္ပဏီ Ngoc Quang Phat ၏ စီအီးအို Huynh Thi Bich Huyen က မကြာသေးမီကစ၍ ရောင်းလိုအား ကျဆင်းမှုနှင့် နေ့စဉ်ဈေးနှုန်းများ အဆက်မပြတ်တက်ခြင်းကြောင့် ဆန်အလုံအလောက်ဝယ်ယူရရှိရန် အလွန်ခက်ခဲကြောင်း ပြောကြားသည်။

ဗီယက်နမ်စားသောက်ကုန်အသင်း၏ လက်ထောက်ဥက္ကဋ္ဌ ဒိုဟာနမ်က ပြည်တွင်းဆန်ဈေးသည် ပို့ကုန်ဆန်ဈေးနှုန်း ထက်ပင် ယခုအခါ ပိုမိုမြင့်မားနေသည်ဟုဆိုသည်။ "ပြည်တွင်းဆန်ဈေး ဒီရေချိန်မှာဆက်ရှိနေရင် ပို့ကုန်လုပ်ငန်းရှင်တွေ အမြတ်အစွန်းရဖို့ တစ်တန်ကို ကန်ဒေါ်လာ ၆၅၀-၆၈၀ နဲ့ ရောင်းရလိမ့်မယ်"ဟု ၎င်းက ပြောကြားသည်။

ပြည်တွင်းဆန်ဈေးသည် ပို့ကုန်ဆန်ဈေးနှုန်းထက် ဆန်အမျိုးအစားအပေါ်မူတည်ပြီး ၁.၀၉ မှ ၅.၇၅% အထိ ပိုမြင့်နေသည်။ ယခုနှစ် ကျန်ရှိသည့်လများအတွင်း တစ်ကမ္ဘာလုံးဝယ်လိုအား မြင့်မားနေနိုင်ဖွယ်ရှိကြောင်း၊ အထူးသဖြင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်တရုတ်တို့ အဝယ်များမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ရေကြီးမှုနှင့် မုန်တိုင်းများကြောင့် တရုတ်နိုင်ငံတွင် စပါးစိုက်ပျိုးရာ ဒေသအများအပြားမှာ စပါးခင်းများ ပျက်စီးခဲ့ကြောင်း၊ အင်ဒိုနီးရှားသည် အရန်ဆန်ဖြည့်တင်းရန် ဆန်တန်ချိန် ၁ သန်းကို ဝယ်ယူနေဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၆ ဒသမ ၆ သန်း တင်ပို့ခဲ့သည်။ ယခုနှစ်တွင် ဆန်တန်ချိန် ၇.၈ သန်းအထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။ ဆန်ဈေးနှုန်းများ မြင့်တက်နေသဖြင့် စုစုပေါင်း ကန်ဒေါ်လာ ၄.၅ သန်း ရရှိမည်ဟု ခန့်မှန်းထားသည်။ ယခုနှစ်သည် တင်ပို့သည့်ပမာဏနှင့် ဝင်ငွေနှစ်မျိုးစလုံး စံချိန်သစ်တင်မည့်နှစ် ဖြစ်သည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7169-asia-rice.html

**ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ Koh Pich Convention and Exhibition Center တွင်**
**"(၁၆) ကြိမ်မြောက် ကမ္ဘောဒီးယား သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲ ၂၀၂၃" အား**
**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ( ၄ ) ရက်ကြာ ကျင်းပပြုလုပ်မည်**

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ Koh Pich Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ (၁၆) ကြိမ်မြောက် ကမ္ဘောဒီးယား သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲ (16th Cambodian and Import-Export Goods Exhibition-CIEGE) ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အလားတူကုန်စည်ပြပွဲဖြစ်သည့် (၁၅)ကြိမ်မြောက် ကမ္ဘောဒီးယား သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲကို "Back to Business" ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်း/ပြည်ပမှ ကုမ္ပဏီပေါင်း (၁၈၁)ခုတို့က ပြခန်းပေါင်း (၂၈၆)ခုကျော် ပါဝင်ပြသခဲ့ကြောင်း၊ ယခုကျင်းပမည့်ကုန်စည်ပြပွဲသည် ကမ္ဘောဒီးယားနိုင်ငံနှင့် နိုင်ငံတကာမှမိတ်ဖက်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားနှင့်စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည့်စင်္ကြံတစ်ရပ်ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများအား ပါဝင်ပြသနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကုန်စည်ပြပွဲသို့တက်ရောက်ပြသမည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်း ၂ ခန်းကို အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အသွား/အပြန်လေယာဉ်စရိတ်၊ တည်းခို နေထိုင်စားသောက်စရိတ်နှင့် သယ်ယူပို့ဆောင်မှုစရိတ်များအား မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘောဒီးယား သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်ပြသလိုသည့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် အချက်အလက်များအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၏ ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၈၆၂၂ နှင့် Email: event.td.myantrade@gmail.com တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်ပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**(ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ)**

https://myantrade.gov.mm/event/KohPichConventionandExhibitionCenter

## ဗီယက်နမ်နိုင်ငံ၊ Thái Bình မြို့တွင် "မြောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသ နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲ ၂၀၂၃" အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၆ ရက်နေ့အထိ ( ၇ ) ရက်ကြာ ကျင်းပပြုလုပ်မည်

ဗီယက်နမ်နိုင်ငံ၊ Thái Bình ပြည်နယ်၊ Thái Bình မြို့၊ Hoàng Diệu နယ်မြေရှိ Thái Bình Square တွင် "မြောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲ ၂၀၂၃ (International Agricultural Expo of Nothern Delta 2023)"ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲတွင် မြောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသရှိပြည်နယ်များ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုကို ပြသနိုင်ရန်မျှော်မှန်းထားပြီး နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ထုတ်ကုန်များ၊ ကုန်သွယ်မှု အမှတ်တံဆိပ်များကို မိတ်ဆက်ပြသနိုင်မည်ဖြစ်သကဲ့သို့ မိတ်ဖက်များရှာဖွေနိုင်သည့် အခွင့်အလမ်းများလည်း ရရှိနိုင်မည် ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲသို့ ပြည်တွင်းနှင့်နိုင်ငံတကာတို့ရှိ စီးပွားရေးလုပ်ငန်းပေါင်း(၂၀၀)ခန့်မှ ပြခန်းပေါင်း(၃၀၀) ကျော် အား ပါဝင်ပြသရန်မျှော်မှန်းထားကြောင်း၊ ထို့အပြင် ၂၀၂၃ ကုန်စည်ပြပွဲအား ဗီယက်နမ်-တောင်ကိုရီးယား ယဉ်ကျေးမှုနှင့် စီးပွားရေးလုပ်ငန်းများချိတ်ဆက်မှု အစီအစဉ်ဖြစ်သည့် "Thai Binh Homecoming Day"နှင့်ပူးပေါင်းကျင်းပရန် စီစဉ် ထားကြောင်း ဖော်ပြထားပါသည်။

ကုန်စည်ပြပွဲတွင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စက်ယန္တရားများ၊ စက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ၊ တိရစ္ဆာန်အစာများ၊ ဓာတုပစ္စည်းများ၊ ဇီဝနည်းပညာဆိုင်ရာထုတ်ကုန်ပစ္စည်းများနှင့် မျိုးစေ့များကို လည်းကောင်း၊ စိုက်ပျိုးရေးထွက်ကုန် များဖြစ်သည့် ဆန်နှင့်ဂျုံအမျိုးမျိုး၊ အပင်နှင့်သားငါးအမျိုးမျိုးတို့ကိုလည်းကောင်း၊ တန်ဖိုးမြှင့် လယ်ယာထွက်ကုန်များဖြစ်သည့် အသင့်စားသောက်ကုန်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ဝိုင်နှင့်အဖျော် ယမကာများ၊ ကျန်းမာရေးဆိုင်ရာဖြည့်စွက်စာများနှင့် ဒေသထွက်နှင့်ရိုးရာအစားအသောက်များကိုလည်းကောင်း၊ အခြား ထုတ်ကုန်များဖြစ်သည့် အဝတ်အထည်အမျိုးမျိုး၊ ပိုးချည်နှင့်သားရေပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် ကျောက်မျက်ပစ္စည်းများကိုလည်းကောင်း ပြသသွားမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးကုန်စည်ပြပွဲ ၂၀၂၃ သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသမည်ဆိုပါက ပြခန်း(၁)ခန်းလျှင် ပုံမှန်ငှားရမ်းခနှုန်းထား ဗီယက်နမ်ဒေါင်(၇,၀၀၀,၀၀၀)၏ ထက်ဝက်ဖြစ်သည့် ဗီယက်နမ်ဒေါင်(၃,၅၀၀,၀၀၀)သာ ကျသင့်မည် ဖြစ်ပြီး လေယာဉ်လက်မှတ်ခကုန်ကျစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်နှင့်သယ်ယူပို့ဆောင်မှုစရိတ်များအား မိမိ အစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲ ၂၀၂၃ သို့ ပါဝင်တက်ရောက်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ အချက်အလက်များအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၏ ဖုန်းနံပါတ်၊ ၀၆၇ – ၃၄၀၈၆၂၂ နှင့် Email: event.td.myantrade@gmail.com တို့သို့ ၆-၁၁-၂၀၂၃ ရက်နေ့(ရုံးချိန်အတွင်း)နောက်ဆုံးထား၍ ဆက်သွယ် ပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**Source:** ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ

https://myantrade.gov.mm/event/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%80

## STOCK EXCHANGE (3.11.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,335 (Shares) | 22,953,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -200 | -2.25% | 8,800 | 8,800 | 8,700 | 904 | 7,877,600 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +0 | +0.00% | 3,000 | 3,000 | 2,900 | 4,502 | 13,081,550 | 38,929,150 | 114,841 |
| MCB | 00003 | 7,800 | -200 | -2.50% | 7,800 | 7,800 | 7,800 | 50 | 390,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,700 | 1,700 | 1,650 | 120 | 203,000 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | -300 | -11.11% | 2,400 | 2,400 | 2,400 | 1 | 2,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | +50 | +2.44% | 2,100 | 2,100 | 2,100 | 206 | 432,600 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 552 | 966,000 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.48 | -6.12 | -1.63% | 377.64 | 377.64 | 370.48 | 6,335 | 22,953,150 | 8 | 698,795 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Nov. 2023

| Trading Volume | Trading Value |
|---|---|
| 6,335 (Shares) | 22,953,150 (MMK) |

### Main Board

As of 1:00 pm, 3rd Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,335 (Shares) | 22,953,150 (MMK) |

| MYANPIX | 370.48 ▼ 6.12 |
|---|---|
| Total Volume (shares) | 6,335 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 698,795 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 200 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 300 |
| EFR | 00006 | 2,100 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |